**(၁) နေကြာပင်ခြေပုပ်ရောဂါ (Collar rot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Sclerotium rolfsii* (Sacc)**

**ရောဂါလက္ခဏာ**

ပင်ခြေတွင် အဖြူရောင်ဝါဂွမ်းကဲ့သို့ မှိုမျှင်စုများနှင့် မုန်ညင်းစေ့သဏ္ဍာန် လိမ္မော်ရောင်/ အညိုရောင် အလုံးငယ်များ (စကလိုရှား) ကိုတွေ့မြင်ရသည်။ ရောဂါပြင်းထန်ပါက အပင်ညှိုးသေသွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကိုအသုံးပြုပါ။
- စိုက်ခင်းတွင် အစိုဓာတ်မလွန်ကဲစေရ။
- မျိုးစေ့များကို မျိုးစေ့လူးနယ်မှိုသတ်ဆေး တစ်မျိုးမျိုးဖြင့်လူးနယ်ပြီးမှ စိုက်ပါ။
- ပင်ကြွင်းပင်ကျန်များအားမီးရှို့ဖျက်ဆီးပါ။
- ပိုတက်ရှ်မြေသြဇာထည့်ပေးခြင်းသည် ရောဂါဖြစ်ပွားနှုန်းကို ကျဆင်း စေသည်။
- မြေပြုပြင်စဉ်တွင် ထရိုင်ကိုဒါးမားမှိုကို ထည့်ပေးပါ။
- Azoxystrobin (အဇိုဆီစထရိုဘင်)၊ Hymexazol (ဟိုင်မီဇာဇိုးလ်)၊ Validamycin (ဗယ်လီဒါမိုင်စင်)၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊ Captan (ကက်ပ်တန်) စသော မှိုသတ်ဆေးတစ် မျိုးမျိုး ဖြင့် အပင်ခြေရင်းသို့ရွှဲရွဲ ပက်ဖျန်းပါ။